
ဝန်ဇင်း
Read on the move
ဖန်ဆင်းတဲ့ ဖူးစာ
ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)

# အခန်း (၁)

ကြယ်စင်ကောင်းသန့် ဘန်ကောက်ခရီးစဉ်ကနေ ပြန်ရောက်တော့ သူတို့ရဲ့ ဘယ်ဖက်ခြံ ခြံအမှတ် 14 F မှာ လူသစ်တွေပြောင်းလာတာ သတိထားမိသည်။ အစတုန်းက နိုင်ငံခြားသား ငှားထားတဲ့ အိမ်မှာ ယခုတော့ မူလပိုင်ရှင်တွေ ပြန်လာနေတာ ဖြစ်မည်။

ခြံဝင်းက ကျယ်ပြီး လှပခန်းနားသည်။ မြက်ခင်းစိမ်းစိမ်းကို ကြည့်ရတာ မျက်စိတွေ အေးမြသွားသည်။

သူတို့ခြံမှာတော့ သူ ပစ်ထားတာ ကြာပြီဖြစ်သဖြင့် ဂျပန်မြက်ခင်းက အသစ်ပြန်မွေးရတော့မည် ထင်သည်။

ဖိုးကျော်က သူ့မြက်ခင်းကို ကောင်းကောင်း စောင့်ရှောက်ပုံမရ..ဒီကောင့်ကို သတိပေးရဦးမည်။

ဟိုဖက်မှာ ကြည့်စမ်း…ဘယ်လောက် လှလိုက်သလဲ။

ကြယ်စင်က ခြံထဲဆင်းပြီး "တိုက်ကျို" ကစားပြီးနောက် သဘက်ကို လည်ပင်းပေါ်တင်ကာ ဟိုဘက် ဒီဘက် ခြံထဲလျှောက်ကြည့်နေမိသည်။

စက္ကူပန်းရုံက ကွေ့ကျထားသော စက္ကူပန်းဖြူဖြူတို့က ကျောက်ပြားခင်းပေါ် အမှိုက်ပုံလို များပြားနေပြီ။

"ဖိုးကျော်.."

"ဗျာ…ဆရာ.."

"တံမြက်စည်းနဲ့ အမှိုက်ခြင်း ယူခဲ့"

"ဟုတ်.."

"ဒီမှာကွာ..ပန်းခြောက်တွေ..သစ်ရွက်တွေကို

လာကြည့်ဦး..နည်းနည်းတော့ ရှင်းဦးမှပေါ့ကွ”

“ရှင်းတာပဲ ဆရာရဲ့ ကျွန်တော် ဒီဘက်က ရှင်းရင် ဟိုဘက်မှာ ပြန်ရှုပ်လာပြီ..ဆရာ မလာခင်က အပင်ကြီးတွေ ခေါ်ခုတ်တာ ရှင်းလို့လို မပြီးဘူးဗျာ”

“မင်းကို ပြောလိုက်ရင် ဒီလိုပဲ..ကဲ…ကဲ လှည်းလိုက်”

ဖိုးကျော်ကို ပြောပြီး သူ ဒီဘက်ဝရံတာမှာ ရပ်မိစဉ် ဟိုဘက်ခြံက သီချင်းသံထွက်ပေါ်လာတာကြောင့် လှမ်းကြည့်လိုက်မိသည်။

ဆူပါဆလွန်းအဖြူလေးတစ်စီးကို တံခါးလေးချပ်စလုံး ဖွင့်ပြီး ကားအတွင်းခန်း သန့်ရှင်းရေးလုပ်နေပုံရသော မိန်းကလေး တစ်ယောက်။

ခေါင်းစွပ်ပါသော ဆွယ်တာလက်ပြတ်အနီရဲလေးနှင့် သရီးကွာတား ဘောင်းဘီအကျားလေးနှင့် ထင်းနေအောင် လှပချစ်စရာကောင်းသော မိန်းကလေးကို ကြယ်စင် ငေးမိသွားသည်။

မျက်နှာကို ကားထဲ ကိုင်းငုံ့ချလိုက်၊ လည်သာပေါ်လစ်ဖူးထဲကို အဝတ်စနှင့် တို့ယူလိုက်..မို့ မျက်နှာပေါ် ဆံနွယ်လေးတွေ ဝဲကျသွားပြီး သူမ ပြန်မော့လိုက်လျှင် ဆံပင်တွေကို ဆတ်ခနဲ နောက်ပို့နှင့် ကကွက်ဆန်းလေးတစ်ခု ကပြနေသကဲ့သို့ပင်။

ကားကက်ဆက်ထဲ ထိုင်းသီချင်းတစ်ပုဒ်ကို ကျယ်ကျယ်လောင်လောင် ဆူဆူညံညံဖွင့်လျှက် သူမအာရုံနှင့်သူမ ကားသန့်ရှင်းရေး လုပ်နေပုံကပင် ဘာမှမဟုတ်ဘဲ ကြယ်စင့်နှလုံးသားကို လာထိ ရိုက်နိုင်သည်။

သူ့နှလုံးသားက အမှတ်မထင် တစ်ခုခုနှင့်ဝင်ဆောင့် ခံရသလို လူးလွန့်လှုပ်ရှား တုန်ခါသွားရ၏ ။

“ဒါ…အဲဒီ အိမ်က ကောင်မလေးလား”

ရုပ်ရှည်လေးက ဖြူစင်ဝင်းပ အရောင်လင်းနေတာကြောင့် အဆင့်အတန်းမြင့်မြင့်ထဲကမှန်း အလိုလို ပေါ်လွင်နေသည်။

သူမသည် ပစ္စည်းဥစ္စာကိုလည်း ရှိသေ တန်ဖိုးထားပုံရသည်။ ကားသန့်ရှင်းရေးကို ဂရုတစိုက် သေချာလုပ်နေပုံကို ကြည့်ဦး..။

ချွေးတောင် ပျံနေပုံရသည်။

ကြယ်စင်လည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏ ။ ဖိုးကျော်က သူ့ဆရာမျက်လုံးတွေ ဘယ်ရောက်နေသလဲ စပ်စုပြီးနောက် ပြုံးစိစိ ဖြစ်နေရသည်။

ဒါပေမယ့် ကြယ်စင်ကို သူ မရယ်ရဲ။

သူ့ဆရာကြယ်စင်က အနေတည်သည်။ စည်းကမ်းကြီးသည်။ သဘောကောင်းပေမယ့် ဖိုးကျော် မလေးမစား မလုပ်ရဲပါ။

တစ်အောင့်ကြာလျှင် ဂန္ဓဝင်စံက ကားကက်ဆက်ကို ဖော်လျူးလျှော့ကာ ခါးလေးတစ်ချက် ဆန့်လိုက်၏ ။

မျက်ဝန်းလေးကလည်း သူမကို မမှိတ်မသုန် စိုက်ကြည့်နေသော လူတစ်ယောက်ဆီ ဆန့်လိုက်၏ ။

ဟိုဘက်ဒီဘက် ကာရံထားတဲ့ အုတ်တံတိုင်းက ခပ်နိမ့်နိမ့်မို့ ဟိုဘက်က လူကြီးက ဂန္ဓဝင်ရှိရာ အတိုင်းသာ မြင်နေရတာ ပေါ့..။

ဟွန်း...။

ဂန္ဓဝင် မသိမသာ မျက်စောင်းချိတ်လိုက်သည်။

အားမနာတမ်းကြည့်တဲ့ လူကြီးကို စိတ်လည်း တိုသွားရသည်။

ဒီမှာ အလုပ်လုပ်နေတာကိုများ သူ့ကို မော်ဒယ်ရှိုးပြနေတာ ကျနေတာပဲ။ နောက်ရက်မှ သူ့ရှေ့မောင်နှင့် တွဲပြလိုက်ဦးမည်။ ဟိုက်ဘက်ခြံက

ဖိုးကျော်ပြောပြသဖြင့် သူ့ဆရာ နိုင်ငံခြားက ပြန်ရောက်လာတော့မည်ဆိုတာ သိထားသည်။

ဒါဖြင့် သူဟာ ဦးကြယ်စင်ကောင်းသန့်ပေါ့…။ နာမည်ကိုက ကြီးကြီးကျယ်ကျယ်။

ကြယ်စင်က ကောင်မလေးရဲ့မျက်စောင်းတစ်ချက်ကြောင့် ပို၍ ရင်ခုန်သွားရသည်။

ဒီကောင်မလေးကို သူ့စိတ်ထဲ တစ်နေရာရာမှာ မြင်ဖူးနေသလိုလို ရင်းနှီးသလိုလို ထင်မိလေသည်။

သေချာစဉ်းစားလို့လည်း မရ။

တစ်စုံတစ်ရာက စေ့ဆော်တတ်တဲ့အဖြစ်အပျက်ကို ကြယ်စင် ယုံသွားသည်။

မြင်လိုက်တာနှင့် ရင်ထဲကို ထူးထူးခြားခြား အတင်းတိုးဝင်လာတာ ဘာကြောင့်လဲ။

သာမာန်အဖြစ်အပျက်ဆိုပေမယ့် သူ့အတွက် သာမန်နှင့်မတူဘဲ နက်ရှိုင်း နွေးထွေးနေသည်။

ရင်ထဲက ချိုမြိန်နှစ်လိုမှုက ရုတ်ခြည်း ပေါ်ပေါက်လာတာက ဆန်းကြယ်နေသည်။

ကြည့်ပြီးရင်း ကြည့်နေချင်သည်။

သူမရဲ့အနားသို့ ကပ်သွားလိုက်ချင်သည်။ စကားတွေ ပြောချင်သည်။ ကြယ်စင်ဟာ အရင်က စိတ်ကူးယဉ်တတ်သူ မဟုတ်ပါ။ သို့သော် ထိုနံနက်ခင်းမှာ သူ့နှလုံးသားက မယုံနိုင်အောင် နူးညံ့ပျော့ပျောင်းနေရလျှက် ကောင်းမလေးတစ်ယောက်ထံ နစ်ဝင် စူးခိုက်သွားမိလေသည်။

*

အခန်း (၂)

"ဆရာ..စားပွဲပေါ်မှာ ဖိတ်စာ.."

ကြယ်စင် အပြင်က ပြန်ရောက်တာနှင့် ဖိုးကျော်က သတင်းပေးသည်။

"ဘယ်က ဖိတ်စာလဲ"

"ဟိုဖက်ညခံက အိမ်တက်လုပ်တာ.။ ဆရာ့ကို ဆက်ဆက် ကြွပါလို့မှာတယ်။ ဟိုဘက်အိမ်က အဘိုးကြီးက သတင်းကြားရုံနဲ့ ကိုယ်တို့ဆရာကို သဘောကျနေပြီ ထင်တယ်"

ကြယ်စင်က ကုမ္ပဏီပိုင်ရှင်သူဌေးပေါက်စ လူပျိုလူလွတ် ရုပ်ချောဥစ္စာပေါဆိုတော့ သမီးရှင်တွေ မျက်စိကျတာ မမှားဟု ဖိုးကျော်က တွက်သည်။

ဆရာ့မိဘတွေက နိုင်ငံခြားမှာ၊ ပြီးတော့ ဆရာက တစ်ဦးတည်းသော သား၊ အမွေတွေ တစ်ပုံတစ်ပင်သည် သူ့ဆရာတစ်ဦးတည်း ပိုင်ဆိုင် ဆက်ခံခွင့်ရမှာ။

ဖိုးကျော်က သူဟာ ငယ်စဉ်ကတည်းက ဆရာတို့ အလုပ်သမား ဖြစ်ပေမယ့် သူ့ဆရာရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ဂုဏ်ယူဝမ်းသာ မုဒိတာပွားတတ်သူ၊ လူရိုးလူအေးတစ်ယောက်သာ ဖြစ်ပါသည်။

ကြယ်စင်က သူ့အပေါ် တရင်းတနှီး ဆက်ဆံသဖြင့် ပြောရဲ ဆိုရဲတော့ ရှိသည်။

"ဟေ့ကောင် ..ပေါက်ကရလျှောက်မပြောနဲ့.."

ထိုသို့ ဟောက်လိုက်လျှင်တော့ ဖိုးကျော် ပါးစပ်ပိတ်ပြီးသားပင်။

"နေလေ..နေပေ့ါ..မဂင်္ဂလာဝင်စံအကြောင်း၊ မပြောပြဘူးပေ့ါ"

"ဖိုးကျော်..မင်း တိုးတိုး တိုးတိုးနဲ့ ဘာဂါထာရွတ်နေတာလဲ"

ကြယ်စင်က အဝါနုရောင် ဖိတ်စာကို လှမ်းယူကြည့်ရှုရင်း ဖိုးကျော်ကို မေးလိုက်သည်။

ဖိုးကျော်က ရယ်ပြီး..

"ဘာမှမဟုတ်ပါဘူး"

ဟု ဆို၏ ။

"သူတို့က မိသားစုများလား"

သိလည်း သိချင်သားနှင့် ဆရာက အိုက်တင်ခံသေးသည်။

"သားအဖနှစ်ယောက်ရယ်..ကြီးကြီးစောဆိုတဲ့ အဘွားကြီးရယ်..ဒါပဲတွေ့တယ်ဗျ. .မိသားစုနည်းတယ် မဂ္ဂဇာစံက ဆရာ့လိုပဲ တစ်ဦးတည်းသော သမီး"

"မင်းပြောတာ ဘယ်သူ.."

"ဟိုနေ့က ဆရာကြည့်နေတဲ့ ကောင်မလေးပေါ့"

"ငါ မကြည့်ပါဘူး"

ဆရာက ငြင်းပေမယ့် ဖိုးကျော် စောဒက မတက်ပါ။

"မကြည့်ဘူးဆိုတော့လည်း ဆရာမတွေ့လိုက်ဘူးပေါ့၊ ကျွန်တော်ပြောလည်း ဆရာသိမှာမဟုတ်ဘူး။ ရုပ်ဆိုးဆိုးအမျိုးသမီး တစ်ယောက်ပဲဗျ..."

ဖိုးကျော် တမင်ရိလိုက်တာ သူသိသည်။ ဒါပေမယ့် မသိယောင်ဆောင်နေလိုက်သည်။ ရက်ရက်စက်စက်လှတဲ့ ကောင်မလေးကို သူ မမေ့သေး.. အခုတွေးလိုက်ရင် ယခု ကြည်နူးလာသည်။

"မနက်ဖြန် ဆရာ သွားဖြစ်အောင် သွားလိုက်ဦး"

“သွားမှာပေါ့ကွ..ခြံနီးနားချင်းပဲ၊ ခင်ရာ ဆွေမျိုးပဲ”

“ဆရာ အမျိုးတော်ချင်ပြီ ထင်တယ်..ဟဲ..ဟဲ”

“နားညည်းတယ်ကွာ..သွား..သွား..လုပ်စရာရှိတာ သွားလုပ်တော့ ဖိုးကျော်”

“ကျွန်တော် ညနေ အပြင်ထွက်မှာ..”

“အေး..ထွက်ချင်လည်းထွက်၊ ငါ ရောက်ခင် မင်း ပြန်ရောက်နေပစေ ဒါပဲ..”

“စိတ်ချပါ ဆရာရဲ့…”

*

## အခန်း (၃)

နောက်တစ်နေ့ မနက်မှာ အိမ်တက်မင်္ဂလာ ပြုလုပ်သော သူမတို့အိမ်လေးသို့ ကြယ်စင်တစ်ယောက်ထဲ ခပ်တည်တည် ရောက်သွားသည်။

ရွှေတောင်ခေါက်ဆွဲ၊ ကြာဇံကြော်၊ ကြာဇံချက်၊ တို့ဟူးနွေး၊ ကြက်သားပေါက်စီ၊ ဆနွင်းမကင်း၊ လက်ဖက်ရည်၊ အအေး၊ ရေခဲမုန့် စားစရာတွေစုံနေအောင် တည်ခင်းကျွေးမွေးသည်။

ဦးစံမြင့်မြတ်ဆိုသော အငြိမ်းစားအရာရှိ အဘိုးကြီးမှာ အလွတ်ဖော်ရွေ သဘောကောင်းပြီး သူပဲ ဒိုင်ခံ၍ ဧည့်ခံစကားပြောသည်။

ကြယ်စင်ကတော့ အိမ်နီးချင်းဆိုတော့ တော်တော်နှင့် ပြန်မရ။

အန်ကယ်လ်မြတ်က သူ့မိသားစုအကြောင်း အလာပ၊ သလ္လာပ မေးမြန်းရင်း ကြယ်စင့်ဖခင်ဟာ ဂေါ့ဖ်ရိုက်တိုင်း ပြိုင်ပွဲတိုင်း ဆုတွေ အကြိမ်ကြိမ်ရခဲ့ဖူးတာ သိသွားတော့ လေးစားအားကျ မဆုံးပေ။

ကြယ်စင်လည်း ဂေါ့ဖ်ဝါသနာပါမှန်းသိသွားတော့ ဂေါက်ကလပ်မှာ ဆုံဖို့ တစ်ခါတည်း ချိန်းဆိုသည်။ စကားပြောရတာ လည်း ပိုပြီး အဖွဲ့ကျသွားပါသည်။

“ဟိုနေ့က အန်ကယ့်လ်သူငယ်ချင်းကွာ။ တစ်ချက်တည်း ကျင်းဝင်တာနော်..ကိုက်တစ်ရာ့ငါးဆယ်မှာ ကျင်းက၊ သံတုတ်က (Iron Birdgestone No:6) နဲ့ ပျော်လိုက်တာကွာ..၊ သူလည်း ခုန်နေတာကွ”

အန်ကယ်လ်မြတ်သည် ဂေါ့ဖ်အကြောင်း ပြောရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ပင်။

ဂန္ဓဝင်က ဧည့်သည်ဆီသွားတော့ ဖေဖေနဲ့စကားကောင်းနေတဲ့ ဟိုဖက်ခြံက ကြယ်စင်ဆိုတဲ့လူကြီးကို ကြည့်မိသည်။

အနီးကပ်ကြည့်မှ သူ အတော်ချောမော ခန့်ညားတာ သတိထားမိသည်။

အရပ်မြင့်မြင့် ကိုယ်နေဟန်ထား မတ်မတ်နှင့် ဘော်ဒီက မောင့်ထက်ပင်လှသေး။

မောင်က အရပ်သိပ်မမြင့်..။ ဂန္ဓဝင်နှင့် မတိမ်းမယိမ်းသာ ရှိမည်။ မောင် ခရီးသွားနေသဖြင့် အိမ်တတ်တောင် မဖိတ်ရပါ။

အရေးကိစ္စရှိလာပြီလားဆို မောင်ဟာ သူမအနားမှာ မရှိတာ ဘာကြောင့်မှန်း မသိ။

တစ်စုံတစ်ရာက သူမတို့ကို အမြဲတမ်း လွှဲပစ်နေသလို ခံစားရသည်။

အမှန်ဆို ဒီနေ့မှာ ဖေဖေနှင့် တွေ့ပေးရင် ဘယ်လောက်ကောင်းမလဲ..သမီးချစ်သူလို့တစ်ခါတည်း မိတ်ဆက်ပေးရုံပင်။ အခုတော့ ဖေဖေနှင့် စကားလက်ဆုံကျနေသူက ကြယ်စင်ကောင်းသန့် ဖြစ်နေသည်။

သူမ အလိုမကျသလို ခံစားမိ၏ ။ တစ်ကယ်တော့ ဘာမှလည်း မဆိုင်ပါ။

သူ့ကိုကြည့်ပြီး မောင့်ကို သတိရမိတာ။

သူက တောက်ပသော ရွှန်းရီရီ မျက်လုံးတွေနှင့် ဂန္ဓဝင်ဆီ ခိုးဝှက်ကြည့်လိုက်တာ ခဏခဏ ဖမ်းမိသည်။

သူအကြည့်မှာ ဆန်းကြယ်စွာ ဆွဲအားရှိလှပြီ။ ဂန္ဓဝင်ရင်ထဲကို ထွင်းဖောက် မြင်တော့မလို ထင်ရသည်။

ဂန္ဓဝင်သည် မျက်လုံးချင်း မဆုံအောင် သတိထားမိရင်းကပဲ ဖျပ်ခနဲ အကြည့်ရောက်ပြီး အပြုံးချင်း ဖလှယ်လိုက်ရလေသည်။

သူသည် တည်ငြိမ်အေးဆေးသော မျက်လုံးတွေနှင့်ပဲ ဆွဲဆောင် သိမ်းပိုက်နိုင်သူ တစ်ယောက်ပါလား။

*